ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၈ ဘဏ္ဍာနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လ မကွေးတိုင်းဒေသကြီးဒေသန္တရ စီမံကိန်းဥပဒေ

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီလ (၁၈) ရက်

# ၂၀၁၈ ခုနှစ် ဧပြီလမှစတင်ဘာလအထိ(၆)လ
# မကွေးတိုင်းဒေသကြီးဒေသန္တရစီမံကိန်းဥပဒေ
# (၂၀၁၈ ခုနှစ်၊ မကွေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၈၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၈ ရက်)

## နိဒါန်း

မကွေးတိုင်းဒေသကြီး၏ လူမှုစီးပွားနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူကို ဗဟိုပြု၍ အားလုံးပါဝင်နိုင်သော အစဉ်အဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ ချမှတ်ထားသည့် နိုင်ငံတော်၏စီးပွားရေးမူဝါဒများနှင့်အညီ စနစ်တကျအကောင်အထည်ဖော်နိုင်ရန် အလို့ငှာ မကွေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၈ ခုနှစ် ဧပြီလမှစတင်ဘာလအထိ(၆)လ မကွေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ဧပြီလ (၁)ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီးဒေသန္တရစီမံကိန်း** ဆိုသည်မှာ မကွေးတိုင်းဒေသကြီး၏လူမှုစီးပွားရေး တစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ ခရိုင်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့်အချိန်ကာလအတွင်း မည်ရွေ့မည်မျှတိုးတက်ရမည်ဆိုသည့်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ မကွေးတိုင်းဒေသကြီး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ကာလတို ၅ နှစ် စီမံကိန်းများနှင့် အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်သည်။ ဒေသန္တရစီမံကိန်းများ၌ ကဏ္ဍအလိုက်ဖြစ်စေ၊ ဒေသအလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ စက်မှုဇုန်များ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်း စသည့်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံး အတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ ခရိုင်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **၆ လ စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ ၂၀၁၇ ဧပြီလမှ စက်တင်ဘာလအထိ အကောင်အထည်ဖော်နိုင်မှုအပေါ် အခြေခံ၍ ၂၀၁၈ ဧပြီလမှ စက်တင်ဘာလအတွင်း ဆောင်ရွက်မည့် စီမံကိန်းရည်မှန်းချက်များဖြစ်သည်။

(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(စ) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ တိုင်းဒေသကြီးဒေသန္တရ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် မကွေးတိုင်းဒေသကြီးအစိုးရ အဖွဲ့၊ တိုင်းဒေသကြီးအဆင့် ဌာနနှင့်အဖွဲ့အစည်းများ၊ စည်ပင်သာယာရေး ကော်မတီများကို ဆိုသည်။

## အခန်း(၂)
## စီမံကိန်းရည်မှန်းချက်များ

၃။ ၂၀၁၈ ခုနှစ် ဧပြီလမှစက်တင်ဘာလအထိ(၆)လ မကွေးတိုင်းဒေသကြီး ဒေသန္တရစီမံကိန်း ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ပုံမှန်ဈေးနှုန်းအရ ၇.၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းအရ -

(၁) လယ်ယာကဏ္ဍတွင် ၅.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၁.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် (-)၂၈.၄ ရာခိုင်နှုန်းလျော့နည်းရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၂.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) သတ္တုနှင့် တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၄.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၁၁.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ်ဓါတ်အားကဏ္ဍတွင် ၂၉.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၅.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၆.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၁၀.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) လူမှုရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၈.၀ ရာခိုင်နှုန်းတိုးတက်ရန်။

(ဂ) ခရိုင်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းအရ -

(၁) မကွေးခရိုင်တွင် ၇.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) မင်းဘူးခရိုင်တွင် ၇.၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) သရက်ခရိုင်တွင် ၅.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၄) ပခုက္ကူခရိုင်တွင် ၉.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) ဂန့်ဂေါခရိုင်တွင် ၅.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၂.၉ ရာခိုင်နှုန်းမှ ၃၀.၇ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၈.၄ ရာခိုင်နှုန်းမှ ၂၉.၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၈.၇ ရာခိုင်နှုန်းမှ ၃၈.၈ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နိုင်ငံပိုင်အခန်း တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေမှ ကျပ် ၄၀.၇၂၁ဘီလီယံ ရင်းနှီးမြှုပ်နှံရန်၊

## အခန်း(၃)

## အထွေထွေ

၄။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)နှင့် (၆) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲ ဆောင်ရွက်နိုင်သည်။

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စီမံကိန်းများကို လေ့လာဆန်းစစ်၍ ပြည်သူလူထုအကျိုးစီးပွားအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများကို ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်းနှင့် လျှော့၍ ခွင့်ပြုခြင်းများဆောင်ရွက်ရမည်။

၆။ တိုင်းဒေသကြီးဒေသန္တရစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသည့် စီးပွားရေးမူဝါဒများနှင့်အညီ ချိတ်ဆက်ပေါင်းစပ်ဆောင်ရွက်ရမည်ဖြစ်သည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေပြီး ထာဝရရှင်သန်စေမည့် လူသားအရင်းအမြစ်များဖွံ့ဖြိုးရေး စီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများတင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၉။ တိုင်းဒေသကြီးဒေသန္တရစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများပါဝင်ရမည်။

၁၀။ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလ (၆)လအတွင်း ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကိုထိခိုက်မှုရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့၏သဘောတူခွင့်ပြုချက် ရရှိထားပြီးဖြစ်သော လုပ်ငန်းစီမံကိန်းများဖြစ်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် မိမိတို့ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများအတွက် လျာထားခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ စိစစ်သုံးသပ်ခြင်း လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ မြို့နယ်အဆင့်မှစတင်ပြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအပါအဝင် တာဝန်ရှိပုဂ္ဂိုလ်၊ အဖွဲ့အစည်းများနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်ရမည်။ ပူးပေါင်းဆောင်ရွက်ရန်ပျက်ကွက်သည့် ပုဂ္ဂိုလ်၊ ဌာန၊ အဖွဲ့အစည်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရမည်။

၁၂။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၈ခုနှစ်၊ ဧပြီလမှစက်တင်ဘာလအထိ(၆)လ မကွေးတိုင်းဒေသကြီးဒေသန္တရစီမံကိန်း နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင်ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝန်ကြီးချုပ်

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့

ပူးတွဲ(၁)

**မကွေးတိုင်းဒေသကြီး၏**
**၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်း**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ | | | ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ(၆)လ ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၇၂၇၅၀၆.၃** | **၃၆.၂** | **-၁၃.၃** | **၇၆၁၀၄၄.၂** | **၃၅.၁** | **၄.၆** |
| | ၁ | လယ်ယာ | ၅၅၂၃၁၈.၃ | ၂၇.၄ | -၁၆.၉ | ၅၈၃၁၉၆.၅ | ၂၆.၉ | ၅.၆ |
| | ၂ | သားငါး | ၁၇၃၈၉၃.၃ | ၈.၇ | ၁.၇ | ၁၇၆၉၂၁.၁ | ၈.၁ | ၁.၇ |
| | ၃ | သစ်တော | ၁၂၉၄.၇ | ၀.၁ | -၆၅.၅ | ၉၂၆.၆ | ၀.၁ | -၂၈.၄ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၅၀၆၅၇၇.၀** | **၂၅.၁** | **၉.၀** | **၅၆၇၀၇၆.၀** | **၂၆.၁** | **၁၁.၉** |
| | ၁ | စွမ်းအင် | ၂၁၉၂၅.၉ | ၁.၁ | ၃၅.၀ | ၂၂၄၇၀.၆ | ၁.၀ | ၂.၅ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၅၉၂.၆ | ၀.၁ | ၇.၄ | ၂၆၉၇.၀ | ၀.၁ | ၄.၀ |
| | ၃ | စက်မှုလက်မှု | ၃၈၉၁၀၇.၃ | ၁၉.၃ | ၉.၇ | ၄၃၃၈၂၅.၂ | ၂၀.၀ | ၁၁.၅ |
| | ၄ | လျှပ်စစ်ဓါတ်အား | ၆၆၃၁.၅ | ၀.၃ | ၇.၅ | ၈၅၈၆.၇ | ၀.၄ | ၂၉.၅ |
| | ၅ | ဆောက်လုပ်မှု | ၈၆၃၁၉.၇ | ၄.၃ | ၁.၃ | ၉၉၄၉၆.၅ | ၄.၆ | ၁၅.၃ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၇၇၉၆၈၁.၁** | **၃၈.၇** | **၈.၃** | **၈၄၀၁၂၆.၈** | **၃၈.၈** | **၇.၈** |
| | ၁ | ပို့ဆောင်ရေး | ၁၇၄၄၃၈.၃ | ၈.၇ | ၅.၂ | ၁၈၄၉၉၈.၉ | ၈.၅ | ၆.၁ |
| | ၂ | ဆက်သွယ်ရေး | ၇၇၈၀၈.၄ | ၃.၉ | ၁၉.၉ | ၈၆၀၄၆.၁ | ၄.၀ | ၁၀.၆ |
| | ၃ | ငွေရေးကြေးရေး | ၅၂၃၉.၂ | ၀.၃ | ၁၉.၂ | ၅၈၅၉.၅ | ၀.၃ | ၁၁.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၃၃၃၆.၁ | ၂.၁ | ၃.၀ | ၄၄၉၅၇.၀ | ၂.၁ | ၃.၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၅၉၀၅၁.၂ | ၂.၉ | ၁၃.၂ | ၆၄၇၁၂.၄ | ၃.၀ | ၉.၆ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၄၁၉၈၀၇.၉ | ၂၀.၈ | ၇.၄ | ၄၅၃၅၅၂.၉ | ၂၀.၉ | ၈.၀ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၂၀၁၃၇၆၄.၄** | **၁၀၀.၀** | **-၀.၅** | **၂၁၆၈၂၄၇.၀** | **၁၀၀.၀** | **၇.၇** |

ပူးတွဲ(၂)

**မကွေးတိုင်းဒေသကြီး၏**
**၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်း**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်(၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ | | | ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ(၆)လ ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | | **ထုတ်လုပ်မှုတန်ဖိုး** | **၁၂၃၄၀၈၃.၃** | **၆၁.၃** | **-၅.၄** | **၁၃၂၈၁၂၀.၂** | **၆၁.၂** | **၇.၆** |
| | ၁ | လယ်ယာ | ၅၅၂၃၁၈.၃ | ၂၇.၄ | -၁၆.၉ | ၅၈၃၁၉၆.၅ | ၂၆.၉ | ၅.၆ |
| | ၂ | သားငါး | ၁၇၃၈၉၃.၃ | ၈.၇ | ၁.၇ | ၁၇၆၉၂၁.၁ | ၈.၁ | ၁.၇ |
| | ၃ | သစ်တော | ၁၂၉၄.၇ | ၀.၁ | -၆၅.၅ | ၉၂၆.၆ | ၀.၁ | -၂၈.၄ |
| | ၄ | စွမ်းအင် | ၂၁၉၂၅.၉ | ၁.၁ | ၃၅.၀ | ၂၂၄၇၀.၆ | ၁.၀ | ၂.၅ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၂၅၉၂.၆ | ၀.၁ | ၇.၄ | ၂၆၉၇.၀ | ၀.၁ | ၄.၀ |
| | ၆ | စက်မှုလက်မှု | ၃၈၉၁၀၇.၃ | ၁၉.၃ | ၉.၇ | ၄၃၃၈၂၅.၂ | ၂၀.၀ | ၁၁.၅ |
| | ၇ | လျှပ်စစ်ဓါတ်အား | ၆၆၃၁.၅ | ၀.၃ | ၇.၅ | ၈၅၈၆.၇ | ၀.၄ | ၂၉.၅ |
| | ၈ | ဆောက်လုပ်မှု | ၈၆၃၁၉.၇ | ၄.၃ | ၁.၃ | ၉၉၄၉၆.၅ | ၄.၆ | ၁၅.၃ |
| ၂ | | **ဝန်ဆောင်မှုတန်ဖိုး** | **၃၅၉၈၇၃.၂** | **၁၇.၉** | **၉.၃** | **၃၈၆၅၇၃.၉** | **၁၇.၉** | **၇.၄** |
| | ၁ | ပို့ဆောင်ရေး | ၁၇၄၄၃၈.၃ | ၈.၇ | ၅.၂ | ၁၈၄၉၉၈.၉ | ၈.၅ | ၆.၁ |
| | ၂ | ဆက်သွယ်ရေး | ၇၇၈၀၈.၄ | ၃.၉ | ၁၉.၉ | ၈၆၀၄၆.၁ | ၄.၀ | ၁၀.၆ |
| | ၃ | ငွေရေးကြေးရေး | ၅၂၃၉.၂ | ၀.၃ | ၁၉.၂ | ၅၈၅၉.၅ | ၀.၃ | ၁၁.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၄၃၃၃၆.၁ | ၂.၁ | ၃.၀ | ၄၄၉၅၇.၀ | ၂.၁ | ၃.၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၅၉၀၅၁.၂ | ၂.၉ | ၁၃.၂ | ၆၄၇၁၂.၄ | ၃.၀ | ၉.၆ |
| ၃ | | **ကုန်သွယ်မှုတန်ဖိုး** | **၄၁၉၈၀၇.၉** | **၂၀.၈** | **၇.၄** | **၄၅၃၅၅၂.၉** | **၂၀.၉** | **၈.၀** |
| ၄ | | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)** | **၂၀၁၃၇၆၄.၄** | **၁၀၀.၀** | **-၀.၅** | **၂၁၆၈၂၄၇.၀** | **၁၀၀.၀** | **၇.၇** |

## မကွေးတိုင်းဒေသကြီး၏
## ၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်း
## ခရိုင်အလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းအရ)

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ခရိုင် | ၂၀၁၇ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ | | | ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ(၆)လ ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | မကွေးခရိုင် | ၇၆၅၉၆၆.၆ | ၃၈.၀ | ၃.၀ | ၈၂၄၀၁၁.၀ | ၃၈.၀ | ၇.၆ |
| ၂ | မင်းဘူးခရိုင် | ၂၈၀၆၂၂.၅ | ၁၃.၉ | -၁၄.၇ | ၃၀၂၂၆၇.၁ | ၁၃.၉ | ၇.၇ |
| ၃ | သရက်ခရိုင် | ၃၉၃၁၂၅.၆ | ၁၉.၅ | ၅.၃ | ၄၁၅၀၂၉.၃ | ၁၉.၂ | ၅.၆ |
| ၄ | ပခုက္ကူခရိုင် | ၄၈၅၉၂၉.၃ | ၂၄.၂ | ၁.၀ | ၅၃၄၁၃၉.၅ | ၂၄.၆ | ၉.၉ |
| ၅ | ဂန့်ဂေါခရိုင် | ၈၈၁၂၀.၄ | ၄.၄ | -၉.၄ | ၉၂၈၀၀.၁ | ၄.၃ | ၅.၃ |
| | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)** | **၂၀၁၃၇၆၄.၄** | **၁၀၀.၀** | **-၀.၅** | **၂၁၆၈၂၄၇.၀** | **၁၀၀.၀** | **၇.၇** |

**မကွေးတိုင်းဒေသကြီး၏**
**၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်း**
**ကဏ္ဍကြီးများအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍကြီး/ကဏ္ဍ | ၂၀၁၇ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ | | ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ(၆)လ ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၈၆၆၅၀၄.၀** | **၃၂.၉** | **၉၃၂၀၉၁.၃** | **၃၁.၇** | **၇.၆** |
| | ၁ | လယ်ယာ | ၆၄၀၂၅၉.၀ | ၂၄.၃ | ၆၉၅၈၄၀.၇ | ၂၃.၆ | ၈.၇ |
| | ၂ | သားငါး | ၂၂၄၅၈၂.၉ | ၈.၅ | ၂၃၅၁၆၃.၅ | ၈.၀ | ၄.၇ |
| | ၃ | သစ်တော | ၁၆၆၂.၁ | ၀.၁ | ၁၀၈၇.၁ | ၀.၁ | -၃၄.၆ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၇၄၇၂၂၅.၉** | **၂၈.၄** | **၈၇၄၀၂၉.၀** | **၂၉.၅** | **၁၇.၀** |
| | ၁ | စွမ်းအင် | ၅၈၂၉၈.၉ | ၂.၂ | ၅၉၂၈၇.၀ | ၂.၀ | ၁.၇ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၅၁၃.၁ | ၀.၁ | ၃၈၄၇.၅ | ၀.၁ | ၉.၅ |
| | ၃ | စက်မှုလက်မှု | ၅၄၂၁၈၁.၀ | ၂၀.၆ | ၆၃၅၅၇၉.၁ | ၂၁.၅ | ၁၇.၂ |
| | ၄ | လျှပ်စစ်ဓါတ်အား | ၁၅၈၅၇.၂ | ၀.၆ | ၂၀၆၇၁.၃ | ၀.၇ | ၃၀.၄ |
| | ၅ | ဆောက်လုပ်မှု | ၁၂၇၃၇၅.၇ | ၄.၉ | ၁၅၄၆၄၄.၁ | ၅.၂ | ၂၁.၄ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၀၁၉၅၁၅.၁** | **၃၈.၇** | **၁၁၄၄၆၅၂.၇** | **၃၈.၈** | **၁၂.၃** |
| | ၁ | ပို့ဆောင်ရေး | ၂၀၆၂၆၀.၅ | ၇.၈ | ၂၁၈၇၆၄.၂ | ၇.၄ | ၆.၁ |
| | ၂ | ဆက်သွယ်ရေး | ၅၀၄၃၉.၄ | ၁.၉ | ၅၆၀၅၉.၈ | ၁.၉ | ၁၁.၁ |
| | ၃ | ငွေရေးကြေးရေး | ၄၀၅၉.၇ | ၀.၂ | ၄၅၄၀.၅ | ၀.၂ | ၁၁.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၅၉၆၈.၂ | ၂.၉ | ၇၈၈၀၉.၆ | ၂.၇ | ၃.၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၈၇၆၃၂.၀ | ၃.၃ | ၁၀၁၆၁၉.၃ | ၃.၄ | ၁၆.၀ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၅၉၅၁၅၅.၃ | ၂၂.၆ | ၆၈၄၈၅၉.၃ | ၂၃.၂ | ၁၅.၁ |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး(ဂျီဒီပီ)** | **၂၆၃၃၂၄၅.၀** | **၁၀၀.၀** | **၂၉၅၀၇၇၃.၀** | **၁၀၀.၀** | **၁၂.၁** |

**မကွေးတိုင်းဒေသကြီး၏**
**၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်း**
**ကဏ္ဍအလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၇ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ | | ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ(၆)လ ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှု အချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၁၆၁၃၇၂၉.၉** | **၆၁.၃** | **၁၈၀၆၁၂၀.၃** | **၆၁.၂** | **၁၁.၉** |
| | ၁ | လယ်ယာ | ၆၄၀၂၅၉.၀ | ၂၄.၃ | ၆၉၅၈၄၀.၇ | ၂၃.၆ | ၈.၇ |
| | ၂ | သားငါး | ၂၂၄၅၈၂.၉ | ၈.၅ | ၂၃၅၁၆၃.၅ | ၈.၀ | ၄.၇ |
| | ၃ | သစ်တော | ၁၆၆၂.၁ | ၀.၁ | ၁၀၈၇.၁ | ၀.၁ | -၃၄.၆ |
| | ၄ | စွမ်းအင် | ၅၈၂၉၈.၉ | ၂.၂ | ၅၉၂၈၇.၀ | ၂.၀ | ၁.၇ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၃၅၁၃.၁ | ၀.၁ | ၃၈၄၇.၅ | ၀.၁ | ၉.၅ |
| | ၆ | စက်မှုလက်မှု | ၅၄၂၁၈၁.၀ | ၂၀.၆ | ၆၃၅၅၇၉.၁ | ၂၁.၅ | ၁၇.၂ |
| | ၇ | လျှပ်စစ်ဓါတ်အား | ၁၅၈၅၇.၂ | ၀.၆ | ၂၀၆၇၁.၃ | ၀.၇ | ၃၀.၄ |
| | ၈ | ဆောက်လုပ်မှု | ၁၂၇၃၇၅.၇ | ၄.၉ | ၁၅၄၆၄၄.၁ | ၅.၂ | ၂၁.၄ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၄၂၄၃၅၉.၈** | **၁၆.၁** | **၄၅၉၇၉၃.၄** | **၁၅.၆** | **၈.၃** |
| | ၁ | ပို့ဆောင်ရေး | ၂၀၆၂၆၀.၅ | ၇.၈ | ၂၁၈၇၆၄.၂ | ၇.၄ | ၆.၁ |
| | ၂ | ဆက်သွယ်ရေး | ၅၀၄၃၉.၄ | ၁.၉ | ၅၆၀၅၉.၈ | ၁.၉ | ၁၁.၁ |
| | ၃ | ငွေရေးကြေးရေး | ၄၀၅၉.၇ | ၀.၂ | ၄၅၄၀.၅ | ၀.၂ | ၁၁.၈ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၇၅၉၆၈.၂ | ၂.၉ | ၇၈၈၀၉.၆ | ၂.၇ | ၃.၇ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၈၇၆၃၂.၀ | ၃.၃ | ၁၀၁၆၁၉.၃ | ၃.၄ | ၁၆.၀ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၅၉၅၁၅၅.၃** | **၂၂.၆** | **၆၈၄၈၅၉.၃** | **၂၃.၂** | **၁၅.၁** |
| **၄** | | **စုစုပေါင်းထုတ်လုပ်မှု နှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၂၆၃၃၂၄၅.၀** | **၁၀၀.၀** | **၂၉၅၀၇၇၃.၀** | **၁၀၀.၀** | **၁၂.၁** |

ပူးတွဲ(၆)

**မကွေးတိုင်းဒေသကြီး၏**
**၂၀၁၈ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ(၆)လ ဒေသန္တရစီမံကိန်း**
**ခရိုင်အလိုက် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်**
**(နှစ်အလိုက်ဈေးနှုန်းအရ)**

**(တန်ဖိုး-ကျပ်သန်း)**

| အမှတ်စဉ် | ခရိုင် | ၂၀၁၇ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ | | ၂၀၁၈ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလ အထိ(၆)လ ဒေသန္တရစီမံကိန်း | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | မကွေးခရိုင် | ၁၀၀၀၅၀၆.၈ | ၃၈.၀ | ၁၁၂၈၄၄၉.၃ | ၃၈.၂ | ၁၂.၈ |
| ၂ | မင်းဘူးခရိုင် | ၃၇၇၂၈၂.၂ | ၁၄.၃ | ၄၁၈၇၉၀.၆ | ၁၄.၂ | ၁၁.၀ |
| ၃ | သရက်ခရိုင် | ၅၄၅၅၁၁.၀ | ၂၀.၇ | ၅၉၆၉၁၈.၆ | ၂၀.၂ | ၉.၄ |
| ၄ | ပခုက္ကူခရိုင် | ၅၉၇၄၈၆.၈ | ၂၂.၇ | ၆၈၄၇၂၀.၃ | ၂၃.၂ | ၁၄.၆ |
| ၅ | ဂန့်ဂေါခရိုင် | ၁၁၂၄၅၈.၂ | ၄.၃ | ၁၂၁၈၉၄.၂ | ၄.၂ | ၈.၄ |
| | **စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၂၆၃၃၂၄၅.၀** | **၁၀၀.၀** | **၂၉၅၀၇၇၃.၀** | **၁၀၀.၀** | **၁၂.၁** |